
စိတ်ကူးချိုချိုစာစဉ် ၀၈



# လင်းဒါး


## ဦးမိနစ်တာမိတ်ဆွေသို့နှင့် အခြားကဗျာများ

နိုင်းဝင်းမြင့်စီစဉ်သည်။

9 789997 117953

gyoe.com

mgyoe.com



ISBN9789997117953
POEM62
9 789997 117953
1,500.00KS

mgyoe.com

ငါးမိနစ်စာ စိတ်ဆွေသို့နှင့် အခြားကဗျာများ လင်းခါး
မျက်နှာဖုံးပန်းချီ - ဘငွေကြည်
စာမျက်နှာ ၈၂ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ ·၇ စင်တီ

ထုတ်ဝေသူ - ဦးဝန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ငါးမိနစ်စာ မိတ်ဆွေသို့နှင့် အခြားကဗျာများ

လင်းခါး

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

ကဗျာစာသားများကို
ကဗျာရေးသူ၏ အာဘော်မထိခိုက်နိုင်သော
သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍
အခြားသတ်ပုံများနှင့် အထားအသိုများအတွက်
ကဗျာဆရာ၏ ပိုင်ခွင့်အဖြစ်သတ်မှတ်လျက်
ပြုပြင်ထားခြင်းမရှိပါ။

mgyoe.com

mgyoe.com

## မာတိကာ

၁။ ပါးနုနု သွေးခြည်ဥအောင် ဖြတ်ရိုက်ခြင်း . . . . . . . . . . . ၁
၂။ ချိန်းတဲ့ညနေ . . . . . . . . . . . ၃
၃။ ပုံးဆန်ခြင်း . . . . . . . . . . . ၄
၄။ ဖြစ်တည်မှု ပဓာနဝါဒ နောက်ကျောတွေ . . . . . . . . . . . ၆
၅။ အမျိုးသား ပြန်လည်ဝင့်ကြွေးတော်ပြေရေး . . . . . . . . . . . ၇
၆။ ပြည်သူပိုင် စိတ်အဆောက်အအုံ နံဘေး စကြံလျှောက်ခြင်း . . . . . . . ၉
၇။ နှင်းရေ . . . . . . . . . . . ၁၁
၈။ ရှည်လျားသောမိုး . . . . . . . . . . . ၁၃
၉။ အဘိုးကြီးခုနစ်ယောက် . . . . . . . . . . . ၁၄
၁၀။ အချစ်နဲ့ ဟင်းလင်းပြင် . . . . . . . . . . . ၁၅
၁၁။ လူငယ်ခေတ်ဟောင်းဝါဒီ . . . . . . . . . . . ၁၇
၁၂။ မိန်းမတယောက်ကို ချစ်မိရင် . . . . . . . . . . . ၁၉
၁၃။ အစ်ကိုကြီးက တကယ် ချစ်လို့ပါကွာ . . . . . . . . . . . ၂၁
၁၄။ နိဗ္ဗာန်ရောက်ကြောင်း . . . . . . . . . . . ၂၃

mgyoe.com

mgyoe.com


၁၅။ မပျော်ဘူး ပျော်တယ် . . . . . . . . . . ၂၅

၁၆။ ဂျက်လန်ဒန်ရဲ့ ဆေးတံကို အနံ့ခံခြင်း . . . . . . . . . . ၂၆

၁၇။ မာန်စွယ်ကျိုးပြီးသား စာအိတ်တွေ တံခါးအောက်က ရောက်လာ . . . ၂၇

၁၈။ စကြဝဠာအကြောင်းဟာ သီအိုရီတခုတည်းကိုင် ပြောလို့မရဘူး . . . ၂၉

၁၉။ သူတို့မြို့ကို ငါရောက်သွား . . . . . . . . . . ၃၀

၂၀။ ငါးမိနစ်စာ မိတ်ဆွေသို့ . . . . . . . . . . ၃၂

၂၁။ ခံရတော့ ကလေးတွေ . . . . . . . . . . ၃၄

၂၂။ ရေခဲတုံး . . . . . . . . . . ၃၆

၂၃။ ဖဲထီးကလေးတွေ တိမ်ရောင်စုံ . . . . . . . . . . ၃၇

၂၄။ လူငယ်တယောက်၏ စိတ်ကူးယဉ်ရုပ်ဝါဒ . . . . . . . . . . ၃၈

၂၅။ သမိုင်းဆိုင်ရာ နို့ဆီခွက် . . . . . . . . . . ၄၀

၂၆။ ယင်ကောင် . . . . . . . . . . ၄၁

၂၇။ ပိုမြန်လေ ပိုလေးလေ . . . . . . . . . . ၄၃

၂၈။ ဖြစ်ရပ်မှန် . . . . . . . . . . ၄၄

၂၉။ တတိယကမ္ဘာ . . . . . . . . . . ၄၆

၃၀။ လွမ်းစရာ အဖွား . . . . . . . . . . ၄၇

၃၁။ ပေါက်တတ်ကရ အခန်းပြည့် . . . . . . . . . . ၄၈

၃၂။ အရုပ်မလေး . . . . . . . . . . ၄၉

၃၃။ ထူးဆန်းတာတွေ ပြောပြမယ် . . . . . . . . . . ၅၀

၃၄။ နောက်ဆုံးအကြိမ် လျှာကိုက်မိတုန်းက အရသာ . . . . . . . . . . ၅၂

၃၅။ မြစ်နံ့ဘေး . . . . . . . . . . ၅၄

၃၆။ အိမ်တွင်းညစာစားခြင်း . . . . . . . . . . ၅၅

၃၇။ အပွဲပွဲ အတော်တော် . . . . . . . . . . ၅၈

၃၈။ တော်ပါတော့ . . . . . . . . . . ၅၉

၃၉။ အချစ်ရေ မင့် မဲပြားအတွက် ငါ့ ကတိစကားတွေ . . . . . . . . . . ၆၀

၄၀။ ဝန်ဆောင်မှုကိုရပ်မည်ဆိုပါက ခေတ်ကိုနှိပ်ပါ . . . . . . . . . . ၆၂

၄၁။ မျက်နှာတောနက် . . . . . . . . . . ၆၃


mgyoe.com

mgyoe.com

၄၂။ ဖဗယ်ကလေ . . . . . . . . . . ၆၆
၄၃။ ဒေါ်ဝင်းဝင်းမူရယ် . . . . . . . . . . ၆၈
၄၄။ တီဗွီအစီအစဉ်နဲ့ တကယ့်ဇာတ်လမ်းဆိုတာ . . . . . . . . . . ၇၁
၄၅။ ပုံပြင်ထဲက တနေ့ . . . . . . . . . . ၇၃
၄၆။ ကျွန်ုပ်တို့ခေတ်၏ စကားစမြည်များ . . . . . . . . . . ၇၅
၄၇။ မှန်တံခါးနောက်က လူအုပ် . . . . . . . . . . ၇၆
၄၈။ ယနေ့တလမ်းသွား . . . . . . . . . . ၇၇
၄၉။ ကြည်လင်သော တနေ့ . . . . . . . . . . ၈၀
၅၀။ အရေးတော်ပုံလင်မယား . . . . . . . . . . ၈၁

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ပါးနုနု သွေးကြည်ဥအောင် ဖြတ်ရိုက်ခြင်း

ငါ့မှာ ရှေးရိုးစဉ်လာ အယူအဆအစွဲတွေ ရှိတုန်းပဲ
အောင်မြေသွားနင်းတာ၊
အိမ်ထဲမှာ လက်သည်းမညှပ်တာနဲ့
မွေးနေ့မှာ ဆံပင်မညှပ်တာမျိုးတွေ၊
ငါ့မှာ ကြိုရေးထားတဲ့ ကံကြမ္မာနဲ့ ချိန်းတွေ့ဖို့လောက်
စိတ်ထက်သန်နေမိတာပဲ။

ငါ့မှာ လုပ်အားကတော့ ကုန်ခန်းသွားပြီ
ဆိုပေမဲ့ ငါ့မှာ လိင်စိတ်ကတော့ အထူးနိုးကြား။
ဆိုပေမဲ့ တနေ့ငါးမိနစ်လောက်
ဝိပဿနာ အားထုတ်ဖို့လည်း ဆန္ဒကရှိတုန်းပဲ။

ငါက တန်းတူညီမျှမှုကို ချစ်တယ်ဆိုပေမဲ့
သူတောင်းစားလေးက ပခုံးလာကိုင်တော့
ငါ အလန့်တကြားထခုန်မိတယ်၊ ပခုံးကိုတစ်ရှူးနဲ့ သုတ်မိတယ်
ဆိုပေမဲ့ သူထွက်သွားတာနဲ့ မျက်ရည်ကျမိပါတယ်။

mgyoe.com

mgyoe.com


ငါဟာ တယောက်တည်း မြစ်ကမ်းဘေးမှာထိုင်
ငါဟာ မြစ်ရေပြင်ကိုကြည့် ကျောက်ခဲတွေမြစ်ထဲပစ်ချ
ငါဟာ တောင်ပေါ်ကိုတက် ရှုခင်းတွေကြည့်
ငါဟာ ငါ့နာမည်ရှေ့မှာ ပြည်သူ့အတွက်လို့
ဆိုပေမဲ့ ငါဟာ မသိနိုးနားတွေကို
ရိုင်းရိုင်းစိုင်းစိုင်းဆဲဆိုချင်ပြန်တယ်။

ငါဟာ ဘယ်လိုပါလိမ့်
မမေးပါနဲ့ ငါဟာ ဘယ်လိုပါလိမ့်လို့
ငါဟာ ဘယ်လိုပါလိမ့်
သင် ပြောကြည့်လေ။ ။

၂၀၊ မေ၊ ၂၀၁၅။

mgyoe.com

mgyoe.com



## ချိန်းတဲ့ညနေ

လေယာဉ်ဆင်းသက်တာနဲ့
လေယာဉ်ပျံတက်သွားတာ
ဘယ်မြင်ကွင်းကို ပိုသဘောကျသလဲ တဲ့
ငှက်အော်သံကို ကြားရတဲ့အခါ
ငှက်ကို မြင်ချင်စိတ်ဖြစ်သလား တဲ့

အဲဒီလို မေးခွန်းတွေ
ငါဖြင့်
တဘဝလုံး မဖြေဆိုဖူးဘူး

ကောင်မတွေနဲ့ဖြီးနေတာပဲ ပြောစမ်း
ဘာတွေသဘောကျနေတာလဲ ဟွန်း
ထမင်းစားပြီးပြီလား
ချစ်ရဲ့လားလို့ မေးနေတာဖြေလေ…
စသဖြင့်
ဒီလိုတွေ ရိုးရှင်းပါတော့လား

ဂနာမငြိမ်တဲ့ မျောက်လို မေးခွန်းများ
မြွေတွင်းထဲက ထွက်လာ
သင့်မှာ လန်းဆန်းမသွားဘူးလား။ ။

ဩဂုတ်၊ ၂၀၁၆၊

mgyoe.com

mgyoe.com


# ဗုံးဆန်ဖြင်း

သောက်ရမယ့် ကော်ဖီဟာ အမာရွတ်ကြီးနဲ့
စားရမယ့် ထမင်းပန်းကန်တွေဟာ
ထိလိုက်တာနဲ့ စိတ်ဒဏ်ရာ ပြန်ပြန်ရနေတယ်
စာအုပ်တွေဟာ ကိုင်ပါများတော့
သွေးတွေထွက်လာတယ်
အင်္ကျီက အမှောင်ကြောက်တဲ့ ရောဂါရှိပြီး
သက်တံတွေဟာ သူတို့ကုပ်ပေါ်
ဘာမှ တက်မလာနိုင်ဖို့ ကွေးထားကြတယ်
ဒါတွေကို ဗုံးမကွဲခင်အထိ မမြင်ရပေမဲ့
ကလေးတွေ ကစားနေကြတာကို မြင်ရတယ်။

နေရောင်ထဲ ကျည်ဆန်တွေ ဖောက်ဝင်နေတယ်
ဆည်းဆာကို ငေးနေတဲ့ လူအုပ်ကြောင့်
ခွေးဟာ တိမ်တောက်တာကို မဟောင်လိုက်ရ
နိုင်ငံရေးလှည့်ကွက်အနေနဲ့ နေဟာဝင်သွားပြီ
ဗုံးမကွဲခင်အထိ ဗုံးဆန်ဟာ သားသည်အမေလို
ကလေးတွေကို ပြုံးကြည့်လို့။

mgyoe.com

mgyoe.com



အဖေတွေရဲ့ လက်တွေဟာ
ရာဇဝတ်မှုမှာ တဖက်
ကလေးတွေရဲ့ ပခုံးပေါ်မှာ တဖက်
လည်ချောင်းထဲ အစာတွေကန်ချပေးဖို့
ခြေထောက်ကြွက်သွားတွေကိုပဲ
ပုံပြင်တွေပြောပြနေရ
ပုံပြင်ထဲက ဗီလိန်တွေဟာ အမေတွေဖြစ်နေတယ်
ဖုံးဟာ မကွဲခင်အထိ ကလေးတွေကို
မြောက်မြောက်ပြီး မချီသေးဘူး။

အမှောင်ထဲ သစ်ရွက်တွေဟာ သွေးပျက်တိတ်ဆိတ်
အသိုက်နဲ့ သားပေါက်လေးတွေဆီ ပြန်လာတဲ့ ငှက်
ဆုံးရှုံးပြီးသား အသက်ပဲပါတော့တယ်
ဖုံးဟာ မကွဲခင်အထိ
ဘူးသီးကို လက်ညှိုးနဲ့ထိုးမိရုံနဲ့ ပုပ်ကုန်မယ်လို့
ကလေးတွေကို လိမ်ပြောနေတုန်း။ ။

၂၀၁၅၊

mgyoe.com

mgyoe.com


# ဖြစ်တည်မှု ဗဓာနဝါဒ နောက်ကျောတွေ

ရုပ်ရှင်ရိုက်ကွင်းတခုမှာ
မင်းသားဘေးက ငါ ဖြတ်လျှောက်လာ
ငါ့ နောက်ကျောဟာ အများပြည်သူရှေ့ ရောက်သွားတယ်
ထို ငါ့နောက်ကျောကြီး အော်စကာ ဆန်ခါတင်ထဲပါလာ
ခေတ်အဆက်ဆက် နောက်ကျောတွေထဲ
ငါ့ နောက်ကျောဟာ
လူသားတိုင်းရဲ့ ဖြစ်ရှိမှုကို အဖော်ကျူးနိုင်ဆုံး နောက်ကျောကြီးပဲတဲ့
ငါလည်း သိပ်မသိပါဘူး
ငါ့ နောက်ကျောဟာ ငါ့နောက်ကျောပဲ ဆိုပေမဲ့
ငါ့နောက်ကျောကို ဓားနဲ့ထိုးဖို့လုပ်ရင်တော့
ငါ ဘယ်သိပ့်မလဲ သို့ပေမဲ့
ငါ့ နောက်ကျောအတွက် ငါ ပွဲတက်ရ
ငါ့ နောက်ကျောအတွက် ငါ ဂုဏ်ယူရ
ငါ့ နောက်ကျောအတွက် ငါ ဆုတက်ယူတော့
ငါ့ နောက်ကျောအကြောင်း
ငါ ဘာမှ မပြောနိုင်ခဲ့လို့
နောက်ကျောမလုံ ဖြစ်ခဲ့ရသေး
ငါ့ နောက်ကျောဟာ
ဘယ်သူ့နောက်ကျောမှ မဟုတ်ပေမဲ့လို့
ငါ့ နောက်ကျောဟာ အားလုံးပါပဲ
ငါ့တို့သည် နောက်ကျောများသာ ပေါ့။ ။

ဖေဖော်ဝါရီ၊ ၂၀၁၆။

mgyoe.com

mgyoe.com



## အမျိုးသား ပြန်လည်ဝင့်ကြွားတော်ပြေရေး

မအအောင် ပေးတဲ့လက်ဆောင်ကြား
ခါချဉ်အုပ်ပါသွား စူဋသုဘဒ္ဒါကလေးတော့
ဘဝတိုင်း ကိုယ့်ကို မုန်းနေတော့မှာပဲ

စာအုပ်ထဲမှာ ကိုယ်တို့ဘာမှမရေးကြတော့ဘူး
လမ်းထိပ်ကအုတ်ခုံမှာ ကိုယ်တို့ မထိုင်ဖြစ်တော့ဘူး
ကောင်မလေးတွေ မသိအောင်
ကောင်မလေးတွေ ခြင်းထဲ
စာခိုးထည့်တဲ့ ခေတ်က ကုန်သွားပြီ
သူကြီးထိပ်တုံးမှာ ရုံးတထိုင်မိခဲ့သူချင်း
"မင်းက ငါ့အမှုတွဲပါ" လုပ်ကြ
စစ်အစိုးရကို မုန်းပြရုံနဲ့တော့
သုံးမရသေးတဲ့ခေတ်ကို ရောက်သွားပြီ

mgyoe.com

mgyoe.com


၂၀၀၈ မိုးလေအခြေခံဥပဒေမုန်တိုင်းကြီးကျတော့
လစ်ဘရယ် ငှက်ကလေးများဟာ ခိုးသားဓားပြဆီမှာ
ရေဒီကယ် ငှက်ကလေးခများတော့ သူတော်စင်ရိပ်မြုံမှာ
ဆိုပေမဲ့
ဒီမှာတော့ အများဆဲရင် လိုက်ဆဲကြရတာပ

လတိုင်းဟာလည်း မတ်လနဲ့ အောက်တိုဘာ
အကုသိုလ်ကြီးလှတဲ့
တော်လှန်ရသော ဤကမ္ဘာမှာ
ဘယ်ကျွန်းဖြစ်ဖြစ် ထွက်ပြေးလိုက်ချင်တယ်

မအအောင် ပေးတဲ့လက်ဆောင်ကြား
ခါချဉ်အုပ်ပါသွား စူဠသုဘဒ္ဒါကလေးတော့
ဘဝတိုင်း ကိုယ့်ကို မုန်းနေတော့မှာလား။ ။
၂၆၊ ဧပြီ၊ ၂၀၁၆။

mgyoe.com

mgyoe.com



## ပြည်သူပိုင် စိတ်အဆောက်အအုံ နံ့ဘေး စကြဲ့လျှောက်ခြင်း

တညနေမှာ ချစ်သူနှစ်ဦး တဦးရဲ့ဦးခေါင်းထဲတဦး
စိတ်ရှည်ရှည်ထား သံမှိုတွေရိုက်သွင်းနေကြ
လှလိုက်တာ

တနေ့လယ်မှာ
ချည့်နဲ့တိတ်ဆိတ်နေတဲ့ နွားအိုကိုကြည့်သူ
လယ်သမားငယ်
သူ့ အိမ်ထဲ
အမဲဟင်းတခွက် လှေကားပေါ်ပြေးတက်လာ
အတွေးအခေါ် ရဲ့ဝံ့လှပေတာ

mgyoe.com

mgyoe.com


တညသားမှာ
လူ့ဘဝ ရွှေပွဲလာများ
ရက်စက်တဲ့ပြက်လုံးတွေ သူတို့ ရယ်ရက်
ရင့်သီးတဲ့ နှုတ်ခွန်းဆက်စကားတွေ
သူတို့ အမောပြေရက်
ပိတ်ဖုံးဆူညံလှပေတာ

တနေ့လုံး
နှင်းဖုံးမြေလွှာအောက် မြက်ခြောက်ဝမ်းတွင်းရူးတွေ
ခြစားသစ်ငုတ်တိုပေါ် တွားတက်နေကြ
သူတို့မော်ကြွားရယ်မောကြပုံ
ကျက်သရေခန်း ပရမ်းပတာနိုင်လိုက်တာ

သည်မနက်
ဆူပူအောင်လှုံ့ဆော်နေတဲ့
တိတ်ဆိတ်သော လမ်းကလေးမှ ပြန်ခဲ့တယ်။ ။

၂၂၊ ဇန်နဝါရီ၊ ၂၀၁၆။

mgyoe.com

mgyoe.com



## နှင်းငရဲ

ငါတို့ဆီမှာ နှင်းမကျတဲ့အကြောင်း ပြောကြတော့
ဘယ်သူ့ဆီကမှ မှန်ကန်တိကျတဲ့ အဖြေမရ
ငါတို့ ထင်တာတွေတော့ ငါတို့ပြောကြသတဲ့
စားပွဲက ငါတို့ငှားထားတာ
အစားအသောက်ကလည်း ငါတို့မှာထားတာ
ဒါနဲ့ ငါတို့ဆက်ပြောကြတယ်
"ငါတို့ဆီမှာ ဘာလို့ နှင်းမကျလဲ"
ငါတို့ဟာ နှင်းနဲ့ မထိုက်တန်လို့ ဖြစ်မှာပေါ့ တဲ့
တယောက်ကပြောတော့
နှင်းက ငါတို့နဲ့ မထိုက်တန်တာရော မဖြစ်နိုင်ဘူးလား ပေါ့
နှင်းဟာ စကားလုံးပဲ ရှိတဲ့ အရာလိုပဲ
ငါတို့ နိုင်စားနေပုံက
နှင်းဟာ ငွေဝယ်ကျွန်လိုပဲ
တယောက်မှ သိပ္ပံအတတ်နဲ့ ရှင်းမပြနိုင်တော့
နှင်းဟာ ကျိန်စာပဲလို့ ငါတို့ စဉ်းစားမိတယ်ပေါ့
နှင်းဟာ မှော်အတတ်လည်း ဖြစ်နိုင်တာပေါ့

mgyoe.com

mgyoe.com


နှင်းဟာ ရုပ်ရှင်ဆက်တင်ဆိုရင်ရော
ငါတို့ဟာ အိမ်တံခါးရှေ့မှာ နှင်းထုကြီးပိတ်နေတာတွေ
ကားလေကာမှန်ပေါ် နှင်းပိတ်နေတာတွေကို
ရုပ်ရှင်တွေထဲမှာပဲ မြင်ဖူးတာ မဟုတ်လား
ဒါနဲ့ တယောက်က ထပြောတယ်
ငါတို့ အစိုးရတွေ မကောင်းလို့များလားကွာ တဲ့
ငါတို့အကုန် ငြိမ်သွားကြတာပေါ့
ဒါ စဉ်းစားစရာ
နှင်းရေ ဒါဟာ တကယ့်ကို စဉ်းစားစရာပေါ့။ ။

mgyoe.com

mgyoe.com



## ရှည်လျားသောမိုး

မုတ်ဆိတ်ရိတ်တယ်၊ မိုးရွာတယ်၊ သတင်းစာဖတ်တယ်
အိပ်မက်ထဲကအတိုင်းပဲ

ကျပ်တည်းတယ်၊ လေကြောရှည်တယ်၊ အတိုက်စားခံရတယ်
ရှေးဘဝကအတိုင်းပဲ

တောင်ကုန်းပေါ်တက်တော့ လေကတိုးတုန်းပဲ
ချောက်ထဲဆင်းတော့ နားအူတုန်းပဲ

လွန်ခဲ့တဲ့ ဆယ်နှစ် အနှစ်နှစ်ဆယ်တုန်းက ကျွမ်းခဲ့တဲ့မီးသီး
အချည်းနှီးပေမဲ့ ဓာတ်တိုင်မှာရှိတုန်းပဲ

ဘာကိုပျော်ရမှာလဲ
ဘယ်သူ့ကို ပျော်ခိုင်းနေတာလဲ
မုတ်သုံလမ်းတလျှောက် မိုးထဲ အဖိုးနည်း အချိန်တန် အိမ်ပြန်
မိုးကာအင်္ကျီကိုချွတ်
လူကိုကုပ်ကကိုင် တိုင်မှာချိတ်
နေပူရင် ချောက်ချားသွားမှာပါ
မပူနဲ့။

mgyoe.com

mgyoe.com


# အဘိုးကြီးခုနစ်ယောက်

အသက်ကြီးလာရင်
တော်ရုံဟာသနဲ့ မရယ်တော့ဘူး
အဘိုးကြီးခုနစ်ယောက်
(ငါ သေချာရေတွက်ထားတာ)
ဆိပ်ကမ်းမှာ
သုံးယောက်မတ်တတ်
လေးယောက်ငုတ်တုတ်
ဘာကိုမှလည်း မမြှုဆွယ်နိုင်တော့
ဘာကမှလည်း မြှုဆွယ်လို့မရနိုင်တော့
ပုံပျက်ပြောင်ချောကျောက်တုံးကြီးတွေ
မြစ်ရေက တိုးတိုးလာ
နေက ကျကျသွား
အဘိုးကြီးတွေ အမှောင်ထဲနည်းနည်းချင်းငုပ်လျှိုးသွား
စုံးစုံးမြုပ်သွား
သုံးယောက်မတ်တတ် လေးယောက်ငုတ်တုတ်။ ။

၁၊ ဩဂုတ်၊ ၂၀၁၆။

mgyoe.com

mgyoe.com



## အချစ်နဲ့ ဟင်းလင်းပြင်

ငါ ငိုနေစဉ်
မုန်ညင်းတွေ ချဉ်သွားခဲ့
မင်း ရယ်နေတုန်း
ဒိုင်နိုဆောတွေ မျိုးသုဉ်းခဲ့

ငါ အိပ်နေတုန်း
*ဇီမာလမ်းဆုံ*
*အနာဂတ်အတွက်ကဗျာ*
*ပန်းခြံအတွင်း၌ ကျဆုံးသူများ*
ကြီးမြတ်တဲ့ ကဗျာတွေ
အချိန်နဲ့ ဟင်းလင်းပြင်ထဲ တွားသွားနေကြ၊

နောက်နှစ်တသန်းမှာ
ပိရမစ်ကြီးတွေ ကမ္ဘာပေါ်က ပျောက်သွားမယ် တဲ့
အချစ်ရေ
လယ်ပြင်မှာ ဆင်များသွားနေ
စကြဝဠာကြီး ရှုးမိုက်စွာ
ကျယ်ပြောပြန့်ကားနေ
မင့် ဆံပင်တွေကို ငါဖိအိပ်မိလို့
မင့် နာကျင်မှု
ငါ့ လက်မောင်းပေါ် မင့် ခေါင်းတင်အိပ်လို့
ငါ့ နာကျင်မှု
အကြာကြီး မပျောက်ဘူးနော် သိလား။

mgyoe.com

mgyoe.com


ကြယ်ပွင့်ကစားသမားတွေ
အမေရိကားရောက်ရသလို
ခင်သန်းနု လှတုန်းကပုံ ကြည့်ရသလို
ဘယ်သူ့မှာမှ မရှိတဲ့ အခိပ္ပာယ်၊

အလင်းနှစ်ပေါင်း ဘီလျံချီကလာတဲ့
ကြယ်တွေကို
ငါ အရည်အဖတ်မရ ငေးခဲ့
ငါ ဉာဏ်မမီတဲ့ သီအိုရီအတွက်
တညလုံး ငါ အချိန်ပေးခဲ့
မေတ္တာတရားဟာ
ထည့်တွက်ရမယ့် ဒိုင်မေးရှင်း
မေတ္တာတရားဟာ
သီအိုရီအော့ အဲဗရီးသင်းပဲ၊

ငါ ယူကျုံးမရ ဖြစ်ခဲ့
အချစ်ရေ
ငါ ယူကျုံးမရ ဖြစ်နေတုန်း
လိပ်မဟာ ဥ ဥဖို့ ကမ်းပေါ်ကို
တက်လာနေခဲ့ပြီ။ ။

ဖေဖော်ဝါရီ၊ ၂၀၁၆၊

mgyoe.com

mgyoe.com



## လူငယ်ခေတ်ဟောင်းဝါဒီ

ကမ္ဘာဦးကတည်းက
သက်တံတွေ ငါ ချစ်တယ်
ကမ္ဘာဦးကတည်းက
ကမ္ဘာကြီးမို့ ငါချစ်တယ်

ငါ့အိတ်ကပ်ထဲ အမြဲ ငွေစက္ကူအဟောင်းတွေ
သိမ်းထား
ငါ့ ဖုန်းထဲ ခေတ်ဟောင်းတေးချည့်
ငါကိုယ်တိုင်ကလည်း
လွန်ခဲ့တဲ့ နှစ်သုံးဆယ်က ကောင်ပဲ

Midnight In Paris ဟာ ငါအကြိုက်ဆုံးရုပ်ရှင်ပဲ
အချိန်ခရီးသွားခြင်းနဲ့ warmhole ဆိုရင်
ငါမျက်မှောင်ကြုတ်ဖတ်နေမိတာပဲ
နားလည်လှတယ်ရယ် မဟုတ်ဘဲနဲ့ပေါ့

mgyoe.com

mgyoe.com


၁၉၃၀ လောက်က ပါရီကို ငါသွားချင်တယ်
ချာလီချက်ပလင်၊ ချက်ကော့၊ ဟဲမင်းဝေး ငါတွေ့ချင်တယ်
သခင်ဗဟိန်းနဲ့ ငါ စကားပြောချင်တယ်
ဗန်းမော်တင်အောင်ကို ငေးကြည့်ချင်တယ်
ငယ်ငယ်ချောချော ကြည်အေးကို ငမ်းချင်တယ်
နှစ် လေးဆယ်လောက် သိမ်းထားတဲ့ ဝိုင်ကိုဖောက်
သော်တာဆွေနဲ့ အတူထိုင်
မိုဒီလျာနီတယောက် ဒန်တီရဲ့ ပျို့ကို ရွတ်တာ
ငါ နားထောင်ချင်တယ်
ငါ လုပ်ချင်တာတွေက အပေါင်းတွေချည့်
ငါ့ ခံစားမှုကတော့ နုပျိုနေမှာပဲ

ခေတ်နောက်ပြန်ဆွဲရတာ သိပ်ပီတိဖြစ်တယ်
အတွေးအခေါ်အသစ်ဆိုတာ
အတွေးအခေါ်အဟောင်းကို ဌာပနာထားရတာပဲ

ဘာဖြစ်သေးလဲ
ငါဟာ လူငယ်
နှစ်ညောင်းကြာချီ တည်တံ့မယ့်
ခေတ်ဟောင်းဝါဒီတယောက်။ ။

၇၊ စက်တင်ဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



## မိန်းမတယောက်ကို ချစ်မိရင်

မိန်းမတယောက်ကို ချစ်မိတော့
သူ့ကျောက်ကပ်ဟာ အကျဉ်းသားအခွင့်အရေးအပြည့်အဝရတဲ့ ထောင်ကြီးတခု
သူ့ရာသီသွေးဟာ စွဲလမ်းဖွယ် သံနေသံထားနဲ့မို့
အားလုံးကိုဝေမျှချင်စရာ ခေတ်ပြင်ဓမ္မဓာတ်ပြားတချပ်
သူ့ အူထဲက ပျစ်ချွဲရည်တွေကြောင့်
"ပြည်သူဟာ ခေတ်အဆက်ဆက် သမိုင်းတာဝန်ကျေခဲ့တယ်" ဆိုတာမျိုး
သူ ငါ့ ကောင်းကွက်ကလေးတွေသိ ချစ်တတ်လာခဲ့တာ
သူ့ သွားရည်စီးကြောင်းဟာ တောနေလူထုအတွက်
ဘတ်ဂျက်အလုံးအခဲက ပဲ့ကျလာတဲ့ စမ်းရည်တစက်
သူ့ အာပုပ်နံ့ကတော့ ကမ္ဘာကျော်တရားခွင် လျှောက်လဲချက်ပေါ့

mgyoe.com

mgyoe.com


တနွေကို ဖြတ်သန်းဖူးရုံနဲ့
နွေဦးမှာ မထိရက်စရာ ရွက်နုလေးတွေ ထွက်လာမှာကို
အားလုံး သိနေတာမျိုးပဲ
မိန်းမတယောက်ကို ချစ်မိတော့
သူ့ နှုတ်ခေါင်းမွေးတွေ အပြင်ထွက်လာတဲ့တနေ့
ငါ့မှာ အာပတ်ဖြေစရာများပြီလို့ ပြည်သူတယောက်လို
ကျိုးနွံသိ သိသင့်တာမျိုး
တိုင်းပြည်တပြည်ကို ကြည့်လိုက်ရင်
ဥတု အာဟာရကို အကြီးအကျယ်မှီထားတဲ့
ဖွဲ့ထုတ်ကိုက်ထုတ်ပစ်ရမယ့် ခြေသည်းလက်သည်းကောင်တွေလည်း ရှိနေမှာပဲ
မိန်းမတယောက်ကို ချစ်ရင်
ပစိပစပ်များတဲ့ နိုင်ငံရေးသမားကိုပါ ကျွဲကူးရေပါ ချစ်ကြည့်ရတော့မယ်
ဒါပေမဲ့ မိန်းမတယောက်ရဲ့ ချိုချိုဟာ တိုင်းပြည်ရဲ့ ပညာရေးပါ
ဂရုစိုက်ရမယ်
ဒါကို အားလုံးလည်းကြိုက်ကြတယ် မဟုတ်လား

မိန်းမတယောက်ကို ချစ်မိသွားရင်
အနည်းဆုံးတော့
တိုင်းငယ်ပြည်ငယ်ရဲ့ဒေသန္တရဇကရာဇ်ဖြစ်ရတာပဲ
မိန်းမတယောက်ရဲ့ ပေါင်ကြားဟာ
သင့်ပလ္လင်ပဲကို။ ။

၁၅၊ မေ၊ ၂၀၁၈။

mgyoe.com

mgyoe.com



## အစ်ကိုကြီးတ တကယ် ချစ်လို့ပါကွာ

လူငယ်တွေကတော့
လိင်သဘောနဲ့အချစ်အကြောင်းကို
မမီလိုက်တော့ သိကြမှာ မဟုတ်ဘူး

စာအုပ်ထဲက ဝါကျတွေကလည်း ဘာတတ်နိုင်မှာလဲ
အများကြီးဖော်ပြခဲ့သော်လည်း မထိရောက်

အဘိုးအဘွားအိုတို့လည်း
ကလေးမွေးတဲ့ ကိစ္စတွေလို့ပဲ ရောထွေးမှတ်မိနေတယ်
ကြာခဲ့မှကိုး

ငါလည်း ငါ မမီလိုက်တဲ့
သံစက်ရုပ်တွေရဲ့ အလွမ်းဇာတ်ကို
ပြန်ပြောင်းမပြောချင်ဘူး

mgyoe.com

mgyoe.com


ငါ အချိန်ခရီးသွားခဲ့တယ် ထင်တယ်
ကျောက်စာထဲ မပါတဲ့
ယုတ်ယုတ်ပတ်ပတ်ဇာတ်လမ်းတွေထဲ
ပျောက်ကွယ်သွားတဲ့
ပညာရပ်အဆောက်အအုံတွေထဲ ငါရောက်
ဒါပေမဲ့ ဘယ်မှမရောက်ခဲ့သလို
အချစ်နဲ့ပတ်သက်ရင် ငါ့မှာ အမြဲ ဉာဏ်ကူနေရတာပဲ

တိုက်နံရံအက်ကြောင်းက
ညောင်မျိုပင်လေးထွက်လာတာ အချစ်ဖြစ်ပြီး
ကော်ဖီခွက်ထဲ ယင်ကောင်နစ်ရတာက
လိင်သဘောလို့ ခွဲသိဖို့က ခဲယဉ်းလွန်းတယ်

ဂြိုဟ်နဲ့ ဂြိုဟ်ပတ်လမ်းလို
အချစ်က နက်ရှိုင်းပြီး
လိင်သဘောက နူးညံ့တာ
ဒီထက်ပို ဘယ်သူကသိမှာလဲ
ရောထွေးမိုက်ရိုင်းဖို့တော့ မကြိုးစားလေနဲ့

သရက်ရွက်ကလေးတရွက်
စာအုပ်ကြား ငါညှပ်ထားခဲ့တယ်
နှစ်တွေကြာတော့
စုပ်ပြီးသား သရက်စေ့တွေထွက်လာ
အဲဒါ အချစ်ကနေ လိင်စိတ်ကို ဘယ်လိုကူးပြောင်းတယ်
မင်းတို့သင်ရိုးမှာ ပြဋ္ဌာန်းသင့်တဲ့ ငါ့ရှာဖွေတွေ့ရှိမှုပေါ့ကွာ။ ။

၂၀၁၇၊

mgyoe.com

mgyoe.com



## နှိပ်ဖွာနိုင်ရောက်ကြောင်း

ရထားတစီး အုန်းအုန်းကျွက်ကျွက်မြည် ဖြတ်သွားတော့
သံလမ်းဂိတ်မှာ ငါဟာ ပိတ်နေ
အချိန်ကိုမသိချင်ဘဲ နာရီကိုကြည့်
နာရီက ရပ်နေတယ်
သိချင်လှရဲ့ မဟုတ်သော်လည်း
မသိရတော့ ငါ ဒေါသထွက်မိ

ကြေးရုပ်က မတ်တတ်ကြီး ရပ်နေ
ကျောက်ရုပ်ဟာ မလှုပ်နိုင်
ရေပြင်ကို ဂဃက်ပေးမယ့်
သစ်ရွက်ဟာ အညာကမလွတ်သေး တန့်နေ
အရေးပေါ်ကားဟာ အရေးပေါ်ရပ်လိုက်ရ

ရိပ်ခနဲ ရိပ်ခနဲ ရထားပြတင်းပေါက်က
ခရီးသွားတွေကို ကြည့်စမ်း
ငါ မသိတဲ့ လူတွေချည့်လား
ငါ့ အသိများ တယောက်တလေပါမလား
အေး… တချို့လူတွေရှိနေတာ
ငါတသက်လုံး သတိတောင်မထားမိ
နာရီက ရပ်နေပေမဲ့ နာရီတွေကသွားနေဆဲ

mgyoe.com